
# သန်လုံးကောင် (Pinworm) ရှိ-မရှိ စစ်ဆေးရန် လော်တက်သဏ္ဍာန် ပစ္စည်းဖြင့်စုဆောင်းပုံ

၎င်းစစ်ဆေးမှု၏ မှန်ကန်တိကျမှုသည် နမူနာကို အချိန်မီ စုဆောင်းပုံ မှန်ကန်တိကျမှု ပေါ်မူတည်သည်။

၁။ နမူနာကို လူနာအိပ်ရာမှ ပထမဆုံးနိုးချိန် (အထူးသဖြင့် ပြင်ပတွင် မှောင်နေဆဲအချိန်) ဖြစ်ပြီး ဆီးသွားခြင်း (သို့) ရေချိုးခြင်း မပြုလုပ်မီတွင် စုဆောင်းပါ။



၂။ သန်လုံးကောင်ဥများကို စုဆောင်းသော လော်တက်သဏ္ဍာန် ကိရိယာကို ပုလင်းမှဖြုတ်လိုက်ပါ။

(က) လော်တက်၏တစ်ဖက်ခြမ်းတွင် "ကပ်ခွာဘက်ခြမ်း" ဟု တံဆိပ်ကပ်ထားသည်ကို သတိပြုပါ။

(ခ) ၎င်းလော်တက်၏ "ကပ်ခွာဘက်ခြမ်း" ကို လက်ချောင်းများနှင့် မထိပါနှင့်။ .

၃။ စအိုနားတစ်ဝိုက်ကို လော်တက်၏ ကပ်ခွာပိုင်းဖြင့် ဖိကပ်လိုက်ပြီး ရှေ့နောက်ခြစ်ယူပါ။

၄။ ၎င်းပစ္စည်းကို အဖုံးနှင့်အတူ ပြန်တပ်လိုက်ပြီး သင်၏လက်ချောင်းများနှင့် လော်တက်၏နမူနာ စုဆောင်းထားသော ကပ်ခွာပိုင်းကို မထိမိအောင် ပို၍ဂရုစိုက်ပါ။

၅။ ဝမ်းစုဆောင်းမှုပြီးသည့်နောက် လက်ဆေးပါ။

၆။ နမူနာတွင် လူနာ၏ တရားဝင်နာမည်အပြည့်အစုံ ၊ လူနာ၏အရပ်အမြင့် ၊ကိုယ်အလေးချိန် ၊စုဆောင်းသည့် နေ့ရက်နှင့် အချိန် စသည်တို့ပါသည့် တံဆိပ်ကို ကပ်ပေးသင့်ပါသည်။

၇။ဝမ်းနမူနာကို စစ်ဆေးမှုပြုရန်အတွက် တတ်နိုင်သမျှ အစောဆုံး ဓာတ်ခွဲခန်းသို့ ယူလာပါ။ ၎င်းနမူနာသည် ၇၂နာရီသာ အထားခံပါသည်။

အဆိုပါစစ်ဆေးမှုသည် သန်လုံးကောင်များ၏ ညဘက်တွင် ထွက်လာပြီး စအိုတစ်ဝိုက်၌ ဥချခြင်း အလေ့အထပေါ်အခြေခံကာ စစ်ဆေးခြင်း ဖြစ်ပါသည်။ များသောအားဖြင့် အဆိုပါနည်းလမ်းဖြင့်သာ ဥများကို ရှာဖွေတွေ့ရှိရလေ့ရှိပါသည်။ ဝမ်းနမူနာတွင်မူ ၁၅ ရာခိုင်နှုန်းအောက်သာ သန်လုံးကောင်ကို တွေ့ရနိုင်ခြေရှိပါသည်။ ထို့ကြောင့် ၎င်းလော်တက်သဏ္ဍာန် ကိရိယာသည်သာ သန်လုံးကောင်ရှိမရှိ သိနိုင်သော တိကျသည့် စစ်ဆေးမှုတစ်ခုဖြစ်သည်။